

## တော်လွန်းလို့

စတိုးဆိုင်တစ်ဆိုင်တွင် ဆားဗူးများ တောင်ပုံရာပုံ အများကြီးတွေ့ရသဖြင့် ဈေးဝယ်လာသူတစ်ဦးက ဆိုင်ရှင်ဖြစ်သူကို ---

"ခင်ဗျားဆိုင်က ဆားတွေတော်တော်ရောင်းရတယ်ထင်တယ်"ဟု မေးမြန်းလိုက်ရာ ဆိုင်ရှင်ဖြစ်သူက ပြန်လည်ဖြေကြားလိုက်သည်မှာကား -----

"မရောင်းရပါဘူးဗျာ၊ တစ်လလုံးမှတစ်ဗူးလောက်ပဲရောင်းရပါတယ်၊ အမှန်ပြောရရင် ကျွန်တော်ဆားရောင်းတာ သိပ်မတော်ပါဘူး၊ ကျွန်တော့်ဆီကို ဆားလာရောင်းတဲ့သူကတော့ တကယ့်ကိုဆားရောင်းကောင်းတဲ့သူပဲဗျာ" ဟူ၏။။

